Tanintharyi Gallary

# ထားဝယ်မြို့က ထူးခြားတဲ့

# ခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်



ထားဝယ်မြို့ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းတော်ရဲ့ ခြံဝင်းထဲက ထူးခြားတဲ့ ရှေးဟောင်းသစ်သားဘုရားရှိခိုးကျောင်းလေး တစ်ဆောင်ကို ကျွန်တော်ငယ်ငယ်လေးကတည်းကပဲ စိတ်ဝင်စားခဲ့မိပါတယ်။ အဲဒီဘုရားရှိခိုးကျောင်းလေးဟာ ဝင်ရောက်လေ့လာသင့်တဲ့နေရာတစ်ခုလို့ စိတ်ထဲတေးမှတ်ထားပေမယ့်လည်း အကြောင်းမသင့်သေးတာကြောင့် အတော်လေးကြာတဲ့အထိ မရောက်ဖြစ်ခဲ့ပါဘူး။ အခုတော့ ဝါသနာတူ မိတ်ဆွေတစ်ယောက် ထားဝယ်မြို့ကို ရောက်လာတာနဲ့ စိတ်ဝင်စားနေမိတဲ့ အဲဒီဘုရားကျောင်းလေးဆီ ဝင်ရောက်လေ့လာဖြစ်ခဲ့ပါတယ်။

ဒီဘုရားရှိခိုးကျောင်းလေးဟာ ရှေးမူလလက်ရာအတိုင်း သစ်သားကျောင်းဆောင်လေးအဖြစ်နဲ့ ထူးခြားစွာတည်ရှိနေတာပါ။ မြို့လယ်ခေါင်တည့်တည့်မှာ တည်ရှိနေတာမို့ ဒေသခံများသာမကပဲ ထားဝယ်မြို့ကို ရောက်ဖူးသူတိုင်းကလည်း ဒီဘုရားရှိခိုးကျောင်းတော်လေးကို သတိပြုမိကြလိမ့်မယ်လို့ ထင်ပါတယ်။



မြင်ဖူးသမျှတခြားဘုရားရှစ်ခိုးကျောင်းတွေနဲ့ယှဉ်မိရင် ဒီကျောင်းလေးက တကယ်ထူးခြားတယ်လို့ ထင်မိပါတယ်။ ဒါကိုလည်း အခုနောက်ပိုင်းမှ သတိပြုမိလာတာပါ။ ဒီဘုရားရှိခိုးကျောင်းလေးကို ထူးခြားတယ်လို့ဆိုရတာဟာ တခြားဘုရားကျောင်းတွေလို အဆောက်အအုံ အရွယ်အစားကြီးမားပြီး အနုလက်ရာတွေအပြည့်အစုံနဲ့ တတ်ဆင်ဖွဲ့စည်းထားတာမျိုးကြောင့် မဟုတ်ပါဘူး။ တကယ်တော့ ဒီကျောင်းလေးရဲ့အရွယ်အစားဟာ သေးငယ်ပါတယ်။



အနုလက်ရာတွေလည်းများလှတယ်လို့ မဆိုသာပါဘူး။ ဒါပေမယ့် ထူးခြားမှုကတော့ ရှိနေတာပါ။ ကျောင်းဆောင်တစ်ခုလုံး ရှေးမူလလက်ရာအတိုင်း သစ်သားဆောင်လေးအဖြစ်နဲ့ တည်ရှိနေတာဟာ ဒီဘုရားရှိခိုးကျောင်းရဲ့ အဓိကထူးခြားချက် ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ယနေ့ခေတ်မြို့ပြမှာရှိနေကြတဲ့ဘုရားရှိခိုင်းကျောင်းတွေကို ရှေးမူလအတိုင်း သစ်သားဆောင်အဖြစ်နဲ့မြင်တွေ့ဖို့ ခက်ခဲနိုင်ပါတယ်။ ဒီကျောင်းဆောင်လေးလောက် ရှေးကျတဲ့ ဘုရားရှိခိုးကျောင်းတိုင်းလိုလိုဟာ အသစ်ပြင်ဆောက်လိုက်ပြီဖြစ်

လို့ သူ့မူလလက်ရာအတိုင်း သစ်သားကျောင်းဆောင်အဖြစ်နဲ့ မတွေ့နိုင်တော့ပါဘူး။ ရှိရင်လည်း အတော်ကို ရှားပါးနေမှာပါ။ ထားဝယ်မြို့က နှစ်ခြင်းခရစ်ယာန်အသင်းတော်ရဲ့ ကျောင်းဆောင်လေးကို ရှေးလက်ရာအတိုင်း သစ်သားကျောင်းဆောင်လေးအဖြစ်နဲ့ ထိန်းသိမ်းထားရှိတာ သိပ်ကောင်းပါတယ်။

ဘုရားရှိခိုးကျောင်းတည်ဆောက်ပုံလေးက ရိုးရိုးရှင်းရှင်းလေးပါ။ ရှေးခေတ်ထားဝယ်ဒေသက အိမ်တွေဆောက်လေ့ရှိသလိုပဲ မြေပြင်ကနေ ခါးစောင်းလောက်အမြင့်အထိ သစ်သားတိုင်စိုက်ပြီး ကြမ်းခင်းထားတဲ့ အဆောက်အအုံမျိုးဖြစ်ပါတယ်။ ကျောင်းအဆောက်အအုံကို ဆင်ဝင်၊ လှေကားဆောင်၊ ဆောင်မကြီးနဲ့ ဘုရားခန်းဆိုပြီး အစီစဉ်တကျ ဆက်စပ်ပြီး ဖွဲ့စည်းထားတာပါ။



လှေကားဆောင်နဲ့ တွယ်ဆက်ထားတဲ့ အဓိကခန်းမဆောင်ရဲ့ အကျယ်အဝန်းက အလျား ပေ 25 နဲ့ အနံ ပေ 20 လောက်ပဲရှိမယ်လို့ ထင်ပါတယ်။ အဲဒီ အဓိကခန်းမဆောင်ရဲ့ အရှေ့ဘက်ထိပ်မှာတော့ အဝိုင်း (ခြောက်မြှောက်) ပုံ ဘုရားခန်းနဲ့ တွယ်ဆက်ထားတာပါ။ ဘုရားကျောင်းရဲ့ အဓိကခန်းမဆောင်ကို ရိုးရိုးနှစ်ဖက်ချအမိုးနဲ့ပဲ မိုးထားပြီး ဘုရားခန်းဆောင်ကိုတော့ ခြောက်မြှောက် အမိုးချွန်နဲ့ မိုးထားတာကို တွေ့ရပါတယ်။

ဘုရားရှိခိုးကျောင်းလေးရဲ့ အရွယ်အစားက ခပ်ငယ်ငယ်ပါ။ ဒါပေမယ့် ခြုံငုံကြည့်ရင် ကျောင်းဆောင်လေးဟာ ကျစ်လစ်ပြီး အချိုးစားကျတဲ့ အဆောက်အအုံတစ်ခုအဖြစ် မြင်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင်ယနေ့ခေတ်အထိမူလ အတိုင်း သစ်သားအဆောက်အအုံ အဖြစ်နဲ့ တည်ရှိနေတာကလည်း ဒီ ဘုရားရှိခိုးကျောင်းလေးကို အမြင် တစ်မျိုး ဆန်းစေပါတယ်။



လှေကားဆောင်ကိုတက်လိုက်တဲ့အခါမှာ ပထမဆုံး သဘော်ဦး ပုံသဏ္ဍာန်ရှိတဲ့ အဓိကတံခါးမကြီး ကို တွေ့ရပါတယ်။



တံခါးမှာတပ်ထားတဲ့ ပတ္တာတွေက အကြီးကြီးတွေပါ။ အရှည် ၈ လက်မလောက် ရှိလိမ့်မယ်လို့ ထင်ပါတယ်။ ဒါမျိုးတွေကို နောက်ပိုင်း အဆောက်အအုံတွေမှာ ထည့်သွင်းတတ်ဆင်တာ မမြင်ရတော့ပါဘူး။ တကယ်တော့ တံခါးရွက်ကြီးတွေက ရိုးရိုးရှင်းရှင်းလေးပါ။ ဒါပေမယ့်လည်း တံခါးတစ်ရွက်စီမှာ အလှဖော်ထားတဲ့ ဥရောပဟန်ကနုတ်ပန်းခက်တွေကြောင့် ခန့်ညားပြီး ထည်ဝါသွားတယ်လို့ မြင်မိစေပါတယ်။

အမိကခန်းမဆောင်ထဲကို ရောက်တဲ့အခါမှာတော့ တခြားဘုရားကျောင်းတွေမှာလိုပဲ ဘုရားဝတ်ပြုသူတွေအတွက် ခုံတန်းလျားတွေ ထားရှိတာကို တွေ့ရပါတယ်။

လေးပင်သုံးခန်းနဲ့ ဖွဲ့စည်းထားတဲ့ အမိကပင်မခန်းဆောင်မို့ နံရံတဖက်စီမှာ ပြူတင်းပေါက်အကြီး သုံးပေါက်စီတပ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။



အပေါ်ကို မော့ကြည့်လိုက်တဲ့အခါမှာတော့ အမိုးကိုထောင့်ကန်ထားတဲ့ သစ်သားမြင်မိုရ်ဘောင်ကွင်းတွေကို တွေ့ရတာပါ။ အဲဒီသစ်သားဘောင်ကွင်းကြီးတွေကိုလည်း ရှေးခေတ်ဥရောပဟန်လက်ရာတွေနဲ့ အနုပညာဆန်ဆန် ထွင်းထုပြီး တပ်ဆင်ထားတာကို တွေ့ရပြန်ပါတယ်။

ဘုရားခန်းမှာတော့ ယဇ်ပလ္လင်လို့ထင်ရတဲ့ သစ်သားစားပွဲခုံတစ်ခုကို တွေ့ရပါတယ်။ အနုပညာမြောက်အောင်ပြုလုပ်ထားတဲ့ မူလလက်ရာသစ်သား ပလ္လင်လေးဖြစ်မှာပါ။ နောက်တစ်ခုက ကလပ်ပုံသစ်သားတိုင်တစ်ခု ဖြစ်ပါတယ်။ ဒီကလပ်တိုင်ကို ဆီးမီးထွန်းတဲ့အခါ အသုံးပြုတာများလားလို့လည်း တွေးကြည့်မိပါတယ်။ ဘုရားခန်းထဲမှာတော့ အဲဒါတွေအပြင် ကျန်တာတွေ မတွေ့ခဲ့ရပါဘူး။ ဒါပေမယ့်လည်း ဘုရားခန်းရဲ့နံရံတွေမှာတော့ ထူးခြားပြီး စိတ်ဝင်စားဖို့ကောင်းတဲ့အရာတွေကို တွေ့လိုက်ရပါသေးတယ်။ မထင်မှတ်ထားတဲ့ ရှေးအနုပညာလက်ရာတွေကို တွေ့လိုက်ရတာပါ။

စမြင်မြင်ခြင်းမှာတော့ အဲဒါတွေကို စိုက်ကြည့်ပြီး အံ့ဩနေမိပါတယ်။ ကျွန်တော်တို့ ထားဝယ်မြို့က ဘုရားရှိခိုးကျောင်းလေးမှာ ဒါမျိုးတွေရှိနေလိမ့်မယ်လို့ အရင်က မထင်ထားခဲ့ပါဘူး။ (ဆက်လက်ဖော်ပြပါမယ်)

ရနောင် (ဒွယ်)



